# တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

## ဒသမနေ့အစီအစဉ်

## ၁၈-၆-၂၀၂၆ (ကြာသပတေးနေ့)

၁။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေးမတက်ရောက်နိုင်သော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် အစည်းအဝေးတက်ရောက်မှု အခြေအနေအား လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များကဖြေကြားခြင်း-

(က) **ဦးရဲမင်းအောင်၊ ပုလဲမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏**

(၁) "ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်၊ အင်းမထီးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲတွင် လိုအပ်နေသော ကျောင်းဆရာ/ဆရာမများနှင့် ကျောင်းသုံးစာရေးကိရိယာများအား ယခုနှစ် ကျောင်းဖွင့်ရာသီတွင် ဆောင်ရွက် ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(၂) "ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်၊ ဇီးဖြူကုန်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းတွင် လိုအပ်နေသော ကျောင်းဆရာ/ဆရာမများနှင့် ကျောင်းသုံးစာရေးကိရိယာများအား ယခုနှစ် ကျောင်းဖွင့်ရာသီတွင် ဆောင်ရွက် ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ခ) **ဦးမင်းအောင်၊ ပင်လည်ဘူးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "ကသာ ခရိုင်၊ ထီးချိုင့်မြို့နယ်တွင် ကျောင်းဆရာ/ဆရာမအင်အားနှင့်ညီမျှသော နေထိုင်ရန် ယာယီဆောင်များ၊ ကျောင်းသား/ကျောင်းသူများအတွက် ယာယီစာသင်ဆောင် များနှင့် ကျောင်းသား/ကျောင်းသူများအတွက် စာသင်ထောက်ကူပစ္စည်းများအား တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကျောင်းဖွင့်ချိန်အမီ ထောက်ပံ့ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်ကဲ့သို့ စီမံထားရှိသည်ကို သိရှိလိုပါကြောင်း" စပ်လျဉ်းသည့် မေးခွန်း။

(ဂ) **ဦးတင်မောင်မြင့်၊ ဖောင်းပြင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** ''ကလေးမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင် အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်သာ ဖွင့်လှစ်နိုင်သဖြင့် မူလတန်းအဆင့်ပါပြန်လည်ဖွင့်လှစ်ခွင့်ပြုနိုင်ပါရန်နှင့် လိုအပ်သောဆရာ/ဆရာမအင်အားများ၊ ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးနိုင်မှုရှိ/မရှိ သိရှိလိုပါကြောင်း"စပ်လျဉ်းသည့်မေးခွန်း။

(ဃ) **ဦးစိုင်းစံလှစိုး၊ ဟုမ္မလင်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** ''နမ့်တောတိုက်နယ်ဆေးရုံတွင် လိုအပ်လျက်ရှိသော ဓာတ်မှန်နှင့် EPI Cold Change အမျိုးအစား ရေခဲသေတ္တာ(၁)လုံးကို သက်ဆိုင်ရာဝန်ကြီးဌာနမှ အမြန် ထောက်ပံ့ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

( င ) **ဦးအောင်ဇော်မင်း၊ ဝန်းသိုမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** ''၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ(၁)ရက်နေ့မှစ၍ ယနေ့အထိ ကသာခရိုင်အတွင်းရှိ က.ည.န ရုံးတွင် (၅)နှစ်အထက် သက်တမ်းလွန်ကုန်ဆုံးသွားသော မော်တော်ယာဉ်လိုင်စင်များအား သက်တမ်းတိုးဆောင်ရွက်ခြင်းလုပ်ငန်းများအား ပြန်လည်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(စ) **ဦးအောင်ဇော်ဝင်း၊ ဟုမ္မလင်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "ဟုမ္မလင်းမြို့နယ်၊ ကက်သာကျေးရွာအဝင် တောင်တက်၊ တောင်ဆင်းလမ်းကို အမာခံကွန်ကရစ်လမ်းနှင့် ရေနုတ်မြောင်းအား တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

( ဆ ) **ဦးမြတ်ကို၊ ခန္တီးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** ''ခန္တီးမြို့ပေါ်နှင့် အနီးဝန်းကျင်ကျေးရွာရှိ ပြည်သူများ ရေကြီးရေလျှံမှုနှင့် ရေဘေးဒုက္ခများမှ ကင်းလွတ်နိုင်ရေး ရေနုတ်မြောင်း(၂၆၈၅)ပေအား ကွန်ကရစ်ရေမြောင်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

( ဇ ) **ဦးတင်မောင်မြင့်၊ ဖောင်းပြင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** ''ကလေးမြို့၊ မင်္ဂလာဥယျာဉ်ရပ်ကွက်အတွင်းရှိ သံတံတားချောင်းမှ ရေမြောင်းပိတ်ဆို့သဖြင့် ရပ်ကွက်အတွင်းသို့ ရေကြီးရေလျှံမှုများဖြစ်ခြင်း၊ တောင်သူများ လယ်ယာမြေ စိုက်ပျိုးနိုင်မှုမရှိခြင်းတို့ကြောင့် မြို့သာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေး၊ တောင်သူလယ်သမားများ လယ်မြေစိုက်ပျိုးနိုင်မှုရှိစေရန်အတွက် အဆိုပါရေမြောင်းတူးဖော်ခြင်းလုပ်ငန်း လုပ်ဆောင်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ည) **ဦးမြတ်ကို၊ ခန္တီးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** ''ခန္တီးမြို့၊ အမှတ်(၃) ကျောင်းဘေး ခတ္တာလမ်းမှ နောင်ရိုးလမ်းပေါမိုင်း-သာစည် ကွန်ကရစ်လမ်းဆုံအထိ ပေ(၁၅၅၅)အား ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ဋ) **ဦးသက်အောင်ဇော်၊ စစ်ကိုင်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** ''စစ်ကိုင်းမြို့၊ ထုံးဘိုရပ်ကွက်၊ ရွှေဒုံးနယ်မြေရှိ ရွာလယ်လမ်းမကြီးသည် သဘာဝဘေး အခြေအနေများကြောင့် ပျက်စီးယိုယွင်းနေပါသဖြင့် ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း''စပ်လျဉ်းသည့်မေးခွန်း။

၆။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌမှ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်၏ အတည်ပြုချက် ရယူခြင်းနှင့် ဖွဲ့စည်းကြောင်း ကြေညာခြင်း။

၇။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။